ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးလွှတ်တော်

# ပဲခူးတိုင်းဒေသကြီး
# ယဉ်ကျေးမှုအမွေအနှစ်များ
# ထိန်းသိမ်းရေးဥပဒေ

(၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ်-၄)

၂၀၁၄ခုနှစ် ၊ မတ်လ ၂၆ ရက်

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၁ |
| ၂။ | အခန်း(၁) အမည်နှင့် အဓိပ္ပါယ်ဖော်ပြချက် | ၁-၃ |
| ၃။ | အခန်း(၂) ရည်ရွယ်ချက်များ | ၃-၄ |
| ၄။ | အခန်း(၃) ယဉ်ကျေးမှုအမွေအနှစ်ဒေသများသတ်မှတ်ခြင်း | ၄-၅ |
| ၅။ | အခန်း(၄) ကော်မတီဖွဲ့စည်းခြင်း | ၅ |
| ၆။ | အခန်း(၅) ကော်မတီ၏ လုပ်ငန်းတာဝန်များ | ၅-၆ |
| ၇။ | အခန်း(၆) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း | ၆-၇ |
| ၈။ | အခန်း(၇) ကြိုတင်ခွင့်ပြုလျှောက်ထားခြင်း၊စိစစ်ခြင်းနှင့်ထုတ်ပေးခြင်း | ၇-၉ |
| ၉။ | အခန်း(၈) စစ်ဆေးရေးအဖွဲ့တာဝန်ပေးအပ်ခြင်း | ၉-၁၀ |
| ၁၀။ | အခန်း(၉) တားမြစ်ချက်များ | ၁၀-၁၂ |
| ၁၁။ | အခန်း(၁၀) ပြစ်မှုနှင့်ပြစ်ဒဏ်များ | ၁၂-၁၃ |
| ၁၂။ | အခန်း(၁၁) အထွေထွေ | ၁၃ |

# ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေ
## (၂၀၁၄ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄။)
### ၁၃၇၅ခုနှစ်၊တပေါင်းလပြည့်ကျော် ၁၁ ရက်
### (၂၀၁၄ခုနှစ်၊မတ်လ ၂၆ ရက်)

### နိဒါန်း

၂၀၀၈ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈၊ ဇယား ၂ အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံးလျက် ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း(၁)

### အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပဲခူးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ** ဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီး ကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးလူမှုရေးဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသောကော်မတီကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ ပဲခူးတိုင်းဒေသကြီးရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဇ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးကတာဝန်ပေးအပ်သော စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှုအရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရ ဖြစ်စေ၊ မနုဿဗေဒအရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံသို့မဟုတ် ရှေးဟောင်းနေရာ ကိုဆိုသည်။

(ည) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ** ဆိုရာတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း (၁၀၀)ကျော်က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟုသတ်မှတ်သောအောက်ပါတို့ ပါဝင်သည်-

(၁) ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ သာသနာရေးဆိုင်ရာအဆောက်အဦ၊နန်းတော်၊လူနေအဆောက်အအုံနှင့် ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်ထု၊ ရေးဆွဲထားသည့်ပန်းချီ၊

(၂) လူသားတို့ခိုအောင်းနေထိုင်ခဲ့သော သဘာဝအလျောက်တည်ရှိသည့်သို့မဟုတ် လူဖန်တီးသည့်ဂူ၊

(၃) ကမ္ပည်း ကျောက်စာ၊ မော်ကွန်း၊

(၄) လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံ အကြွင်းအကျန်၊

(၅) ရေကန်၊ မြို့ရိုး၊ တံတိုင်း၊တံခါးမုခ်ဝ၊ ကျုံး၊ ခံတပ်နှင့် ယင်းတို့၏ အကြွင်းအကျန်၊

(ဋ) **ရှေးဟောင်းနေရာ** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံဟုဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း (၁၀၀)ကျော်က တည်ရှိသော

သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့်သို့မဟုတ် တူးဖော်ခြင်း မပြုရသေးသည့် မြို့၊ ရှေးခေတ်လူတို့ အခြေချနေထိုင် ခဲ့သည့် နေရာ၊ ရှေးဟောင်းအဆောက် အအုံတည်ရှိခဲ့သော နေရာကို သို့မဟုတ် ကုန်း ကိုဆိုသည်။

(ဌ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ ပရဝဏ်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတစ်ခုတွင် ဤဥပဒေအရ သတ်မှတ်သော အဝန်းအဝိုင်းနယ်နိမိတ်ကိုဆိုသည်။

(ဍ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကိုဆိုသည်။

(ဎ) **ရှေးဟောင်းနေရာတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းနေရာတည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(ဏ) **ကာကွယ်ထိန်းသိမ်းထားသောဇုန်** ဆိုသည်မှာ ယဉ်ကျေးမှုအမွေအနှစ် မြင်ကွင်း၊ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားရှိရေးအတွက် ဤဥပဒေအရ သတ်မှတ်သောဇုန်ကို ဆိုသည်။

(တ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန် ကိုဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အဓွန့်ရှည်စွာ တည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ ပြုလုပ်မှုကြောင့်ဖြစ်စေ ယဉ်ကျေးမှုအမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှုအမွေအနှစ်များ ယိုယွင်းပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓါတ်ရှင်သန်ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏စိတ်ဓါတ်တွင် ယဉ်ကျေးမှုအမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို နားလည်နိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ဖျက်ဆီးခြင်းမခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းနှင့်အညီ ဆောင်ရွက်ရန်။

## အခန်း (၃)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါ ဇုန်အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အမိန့်ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။

၅။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများအတွင်းတွင် လိုအပ်လျှင် မည်သည့်မြေကို မဆို ဥပဒေနှင့်အညီ သိမ်းယူရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၄)

## ကော်မတီဖွဲ့စည်းခြင်း

၆။ အစိုးရအဖွဲ့သည်-

(က) ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးအား အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများ၏ အကြီးအမှူးများ၊ ကျွမ်းကျင်သူပညာရှင်များအား အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင် သောကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်း နိုင်သည်။

## အခန်း (၅)

## ကော်မတီ၏လုပ်ငန်းတာဝန်များ

၇။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး၊ ဖော်ထုတ်ရေးနှင့် သုတေသန ပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား၍ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှုအမွေအနှစ်ဒေသများ နှင့် ဦးစားပေးထိန်းသိမ်းရမည့် ပျက်စီးယိုယွင်းနေသည့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ ရောက်ရှိသွားသော ယင်းပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလိုဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို တန်ဖိုးထားဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပေးရေးလုပ်ငန်းဆောင်ရွက်ခြင်း၊

(ဆ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်းအဆောက်အအုံများ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ နယ်နိမိတ်တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများနှင့်တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့်လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသောစည်းကမ်းချက်များနှင့်အညီ အစိုးရအဖွဲ့သို့ တင်ပြပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

## အခန်း (၆)

## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း

၈။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကိုလည်းကောင်း အဟန့်အတားအနှောင့်အယှက်ဖြစ်စေနိုင်သည်ဟု ကော်မတီ သို့မဟုတ် စစ်ဆေးရေးအဖွဲ့က တင်ပြလာသည့် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ မဟုတ်သော အဆောက်အအုံကို ဖျက်သိမ်းစေနိုင်သည်။

၉။ အစိုးရအဖွဲ့သည် သက်ဆိုင်ရာ ဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို မူလရှေးဟောင်းပုံသဏ္ဌာန်နှင့် မူလရှေးဟောင်းလက်ရာ ပြောင်းလဲ

ခြင်းမရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်ကြောင်း ကော်မတီသို့ စစ်ဆေးရေးအဖွဲ့က တင်ပြလာလျှင် အဆိုပါဂေါပကအဖွဲ့အား ညွှန်ကြားနိုင်သည်။

၁၀။ အစိုးရအဖွဲ့သည်ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် အဆောက်အအုံဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ကော်မတီအနေဖြင့် ဝန်ကြီးမှတဆင့် တင်ပြလာလျှင် ဒေသအလိုက် သတ်မှတ်နိုင်သည်။

၁၁။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းရှိရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၊ ရှေးဟောင်းနေရာများကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရမည်။

၁၂။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာအဖြစ် သတ်မှတ်သည့် နယ်နိမိတ်အတွင်း မည်သူမျှ ထွန်ယက် စိုက်ပျိုးခြင်း မပြုရဟုလည်းကောင်း၊ ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ မပြုရဟုလည်းကောင်း၊ မူလအမည်မှ အမည်သစ်သို့ပြောင်းလဲခြင်း ပြောင်းလဲခေါ်ဝေါ်သုံးစွဲခြင်း မပြုရဟုလည်းကောင်း တားမြစ်နိုင်သည်။

၁၃။ ဦးစီးဌာနသည် ကော်မတီမှတဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် အောက်ပါကိစ္စများဆောင်ရွက်ရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတစ်ခု၏ ပရဝဏ်နယ်နိမိတ်ကို သတ်မှတ်ခြင်း၊

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ပရဝဏ်အတွင်းတွင် ဖွင့်လှစ်သောဆိုင်များက လိုက်နာရမည့် စည်းကမ်းချက်များသတ်မှတ်ခြင်း။

## အခန်း (၅)

## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၄။ အောက်ပါကိစ္စရပ်တစ်ခုခုပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း အစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ

တည်ရှိရာဇုန်အတွင်းတွင် -

(၁) အဆောက်အအုံများကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံများကို တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင်-

(၁) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကို ဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံဆောက်လုပ်ခြင်းသို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

၁၅။ (က) ကော်မတီသည် ပုဒ်မ ၁၄ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီ မညီ စစ်ဆေးရေးအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၁၄ ပါ ကိစ္စနှင့်စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ခွင့်ပြုသည့်အခါ ကော်မတီသည် လိုက်နာရမည့်စည်းကမ်းချက်များနှင့် အတူခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည်-

(က) ရွှေ့ပြောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရွှေ့ပြောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ရွှေ့ပြောင်းအထိမ်းအမှတ်အဆောက်အအုံများမှအပ အခြားအဆောက်အအုံပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသောဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်းအဆောက်အအုံများမှအပ အခြားအဆောက်အအုံဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

၁၇။ ဦးစီးဌာနသည်-

(က) ပုဒ်မ ၁၆ အရ လျှောက်ထားသည့်ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၈။ (က) ပုဒ်မ ၁၇၊ ပုဒ်မခွဲ(က)အရ ဦးစီးဌာန၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ပါက ကော်မတီသို့ ရက်ပေါင်း (၃၀)အတွင်း အယူခံဝင်နိုင်သည်။

(ခ) ကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

## အခန်း (၈)

## စစ်ဆေးရေးအဖွဲ့တာဝန်ပေးအပ်ခြင်း

၁၉။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သင့်လျော်သောပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို အခါအားလျော်စွာ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၂၀။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေအရ ကြိုတင်ခွင့်ပြုချက်လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုအမွေအနှစ်များ၏မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာနှင့် လွတ်ကင်းခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား၊ အနှောင့်အယှက်ဖြစ်နိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဃ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ ထည်ဝါခန့်ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ မရှိ စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနမှ ပေးအပ်သည့် အခြားတာဝန်များကိုဆောင်ရွက်ခြင်း။

## အခန်း (၉)

## တားမြစ်ချက်များ

၂၁။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာတည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း မပြုရ။

၂၂။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံနှင့်စပ်လျဉ်း၍ အောက်ပါကိစ္စရပ်များကို မပြုရ-

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

၂၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် အောက်ပါကိစ္စရပ်များကို မပြုရ-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ဖျက်ဆီးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလရှေးဟောင်းပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ၏ မူလအမည်နာမကို အမည်သစ်သို့ ပြင်ဆင်ပြောင်းလဲသုံးစွဲခေါ်ဝေါ်ခြင်း၊

(ဃ) ရှေးဟောင်းဝတ္ထုပစ္စည်း ရှာဖွေရန်တူးဖော်ခြင်း၊

(င) ရေနံ၊ သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓါတ်သတ္တုရှာဖွေရန် တူးဖော်ခြင်း၊

၂၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်ထားသော ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ သာသနာ့ရေးဆိုင်ရာ အဆောက်အဦ၊ နန်းတော်၊ လူနေအဆောက်အအုံတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်ထု ရေးဆွဲထားသည့် ပန်းချီ၊ ကမ္ပည်းကျောက်စာ၊ မော်ကွန်း၊ ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ အခြားပစ္စည်းများကို အကျိုးဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ အလွဲသုံးစားပြုခြင်း၊ တရားမဝင်ဘဲ လက်ဝယ်ထားခြင်းမပြုရ။

၂၅။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါကိစ္စရပ်များကို မပြုရ-

(က) ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ပုဂ္ဂလိကဆိုင်ရာ သို့မဟုတ် ဝန်ကြီးဌာနများဆိုင်ရာ တူးဖော်မှုလုပ်ငန်းများနှင့် ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဂ) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၂၆။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

၂၇။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှုတစ်စုံတစ်ရာ ပြုလုပ်ခြင်း မပြုရ။

## အခန်း (၁၀)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၂၃၊ ပုဒ်မ ၂၄ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် သုံးသိန်းအထိဖြစ်စေ၊ ထောင်ဒဏ် သုံးနှစ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၁၊ ပုဒ်မ ၂၂ ၊ ပုဒ်မခွဲ(က)၊ ပုဒ်မ ၂၅မှ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် နှစ်သိန်းအထိဖြစ်စေ၊ ထောင်ဒဏ် နှစ်နှစ် ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၀။ မည်သူမဆို ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ)၊ ပုဒ်မ ၂၆၊ ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူး လွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် တစ်သိန်းအထိ ဖြစ်စေ၊ ထောင်ဒဏ် တစ်နှစ်ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၃၁။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည်-

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည် ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကိုမူလပုံသဏ္ဌာန် အတိုင်း ပြုလုပ်စေခြင်း၊

(ဃ) ပျက်စီးမှုအတွက် ကာလတန်ဖိုးဖြင့် ပေးလျော်စေခြင်း။

၃၂။ မည်သူမဆို ပုဒ်မ ၃၀ အရ ချမှတ်သည့်အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်နေ့ အသီးသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ် ငါးထောင်မှ ကျပ် တစ်သောင်းအထိ ချမှတ်ခြင်းခံရမည်။

## အခန်း (၁၁)

## အထွေထွေ

၃၃။ (က) ပုဒ်မ ၂၃၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်များသည် ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓါတ်ငွေ့၊ ကျောက်မျက် ရတနာ သို့မဟုတ် ဓါတ်သတ္တု တူးဖော်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများအတွင်းတွင် နိုင်ငံတော်၏အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓါတ်ငွေ့၊ကျောက်မျက်ရတနာ သို့မဟုတ် ဓါတ်သတ္တုတူးဖော်ရန် အကြောင်းပေါ်ပေါက်လျှင် ဝန်ကြီးမှတဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၃၄။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သောအမိန့်၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဉာဏ်ဝင်း
ဝန်ကြီးချုပ်၊
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့။